# အခန်း (၁)

## နိဒါန်း



DSE BOX

# အခန်း(၁)
# နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားပညာရေးဥပဒေတွင် သူငယ်တန်းပညာရေးကို မူလတန်း ပညာရေး၏ အခြေခံအတန်းအဖြစ်သတ်မှတ်ပြီး အခြေခံပညာရေးကို သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်းကာလ ၁၂ နှစ်ကို ဦးတည်ဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ အခြေခံပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရာတွင် သူငယ်တန်းမှ စတင်ကာ သင်ရိုးညွှန်းတမ်းကို ပြုပြင် ပြောင်းလဲရန် လိုအပ်လာပါသည်။ ထိုဥပဒေမှာပင် **သူငယ်တန်းပညာရေးကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက်(၅)နှစ်ပြည့်ပြီး ကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သော နည်း လမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့်ပညာရေးဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။** ထို့ပြင် မြန်မာ့ရှေးဦးကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒတွင်လည်း အသက်(၄)နှစ်မှ (၅)နှစ်အရွယ် ကလေးများ အိမ်၊ မူကြိုကျောင်းများမှ လူတိုင်းအကျုံးဝင်သော သူငယ်တန်းနှင့် မူလတန်းသို့ ချောမွေ့စွာ ကူးပြောင်းနိုင်ရေးအတွက် အားကောင်းသောအကူးအပြောင်း အစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ရန်လည်း မဟာဗျူဟာ တစ်ရပ်အဖြစ် ချမှတ်ထားပါသည်။

အဆိုပါ ဥပဒေနှင့်မူဝါဒ လမ်းညွှန်များကို အခြေပြုလျက် သူငယ်တန်းကလေးများအတွက် အောက်တွင် ဖော်ပြထားသည့် ဆီလျော်ညီညွတ်မှု သုံးမျိုးနှင့်ကိုက်ညီသည့် သူငယ်တန်းသင်ရိုးညွှန်းတမ်းကို ရေးဆွဲထားပါသည်။ အဆိုပါ ညီညွတ်မှုသုံးမျိုးမှာ-

- ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေဖြစ်မှု
- ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မှု
- ပညာရေးအရလိုက်လျောညီထွေဖြစ်မှု တို့ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်းအသစ်တွင် ဘာသာရပ်နယ်ပယ်ခွဲထားခြင်းမဟုတ်ဘဲ သင်ယူဖွံ့ဖြိုးမှုနယ်ပယ် ခြောက်ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါ**နယ်ပယ် ခြောက်ခုမှာ** -

(က) ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း
(ခ) စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်း
(ဂ) အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း
(ဃ) သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း
(င) အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်း
(စ) ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိသူငယ်တန်းတက်ရောက်လာကြသော (၅)နှစ်အရွယ်ကလေးများအနက် အချို့မှာ မူကြိုပညာရေးရရှိထားပြီး အချို့မှာမူကြိုလုံးဝတက်ရောက်ထားခြင်း မရှိကြပါ။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း၏ တွေ့ရှိချက်အရလည်း မြန်မာနိုင်ငံတွင် မူကြိုပညာရေး အခွင့်အလမ်းရရှိသူ ကလေးဦးရေမှာ(၂၂. ၉)ရာခိုင်နှုန်းသာရှိကြောင်း သုံးသပ်ဖော်ပြထားပါသည်။ ထို့ကြောင့် မူကြို

အတွေ့အကြုံ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျောင်းသို့ရောက်ရှိလာသော ၅ နှစ်အရွယ်ကလေးအားလုံး သင်ယူမှုအခွင့်အလမ်း တစ်ပြေးညီရရှိပြီး မူလတန်းပညာရေးကို လွယ်ကူချောမွေ့စွာ ဆက်လက်သင်ယူနိုင်ရေး အတွက် သူငယ်တန်းသင်ရိုးသစ်ကို စတင်အကောင်အထည်ဖော်ခြင်းဖြစ်သည်။

သူငယ်တန်းပညာရေး ဆရာလမ်းညွှန်၏အဓိကရည်ရွယ်ချက်မှာ အသစ်ပြဋ္ဌာန်းသည့် သူငယ်တန်း သင်ရိုး ညွှန်းတမ်းအညွှန်းဘောင်တွင် ဖော်ပြထားသော သင်ယူဖွံ့ဖြိုးမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် တစ်နှစ်တာ အစီအစဉ်များ၊ အပတ်စဉ်၊ နေ့စဉ်သင်ယူမှုလုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ရေးအတွက် လမ်းညွှန်မှုပေးရန် ဖြစ်ပါသည်။ ဘာသာရပ်နယ်ပယ်ဟူ၍ မရှိဘဲ၊ အကြံပြုထားသော အကြောင်းအရာများကို မူတည်ကာ ဖွံ့ဖြိုးမှုနယ်ပယ်ခြောက်ရပ်လွှမ်းခြုံမိအောင် ပေါင်းစပ်စီစဉ်ဆောင်ရွက်ရေးအတွက် ဆရာများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းလည်း ဖြစ်သည်။

ဆရာလမ်းညွှန်စာအုပ်တွင်သူငယ်တန်းကလေးများအား မည်သို့ချဉ်းကပ်သင်ကြားနိုင်မည်ကို နမူနာ သင်ခန်းစာများ၊ အကြံပြုချက်များ ဖော်ပြထားပြီး ဆရာများအနေဖြင့် ဆရာလမ်းညွှန်ပါလုပ်ငန်းများအတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ရန်မဟုတ်ဘဲ မိမိတို့ဒေသ၊ ကျောင်းအခြေအနေနှင့်လျော်ညီစွာ (မူလရည်ရွယ်ချက် မပျောက်စေဘဲ) ဖန်တီးပြောင်းလဲသင်ကြားနိုင်ပါသည်။ တိုင်းရင်းသားအများစုရှိသော ဒေသများတွင် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားကို သင်ကြားရေးဘာသာစကားအဖြစ် အသုံးပြုသင်ကြားနိုင်ပါသည်။

အခန်း(၁)တွင် သူငယ်တန်းသင်ရိုးညွှန်းတမ်းနှင့်ဆိုင်သော နောက်ခံအချက်များနှင့် ဤလမ်းညွှန်၏ ရည်ရွယ်ချက်များကို ဖော်ပြထားပါသည်။

အခန်း(၂)တွင် ကလေးများ၏ သင်ယူမှုနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ သဘောတရားများကို ရှင်းလင်းဖော်ပြထား ပါသည်။ ဆရာ၊ ဆရာမများသည် ထိရောက်သောပံ့ပိုးမှုကိုပေးနိုင်ရန်နှင့် ကလေးများ၏ သဘာဝကိုလည်း နားလည်ထားရန် အရေးကြီးပါသည်။

အခန်း(၃)တွင် သူငယ်တန်းသင်ရိုးညွှန်းတမ်း အညွှန်းဘောင်ကို ဖော်ပြထားပါသည်။ ဆရာများအနေဖြင့် သူငယ်တန်းကလေးများအတွက် နေ့စဉ်လုပ်ငန်း (၃) ခုဖြစ်သော ပုံမှန်လုပ်ငန်းများအတွက် အချိန်၊ ကစားချိန် နှင့် အကြောင်းအရာ ခေါင်းစဉ်များသင်ကြားချိန်တို့ကို အကောင်းဆုံး ပြင်ဆင်သင်ကြားနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းအသစ်၏ သဘောသဘာဝကို ကျေညက်စွာ လေ့လာထားရန် လိုအပ်ပါသည်။

အခန်း(၄)တွင် ဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုချင်းအလိုက် ဆရာများက စီစဉ်လုပ်ကိုင်ဆောင်ရွက်ပေးနိုင် မည့်နည်းလမ်းများကို ဖော်ပြထားပါသည်။

အခန်း (၅) တွင် နယ်ပယ်အလိုက်သင်ယူမှုလုပ်ငန်းများကို နမူနာဖော်ပြထားပါသည်။

အခန်း(၆)သည် သင်ကြားရေးအစီအစဉ်များ၊ သင်ယူမှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းကို ဖော်ပြထားပါသည်။ သင်ရိုးညွှန်းတမ်းကို လက်တွေ့အကောင်အထည်ဖော်သည့်အခါ နေ့စဉ်သင်ယူမှုလုပ် ငန်းများ၊ သင်ယူ လုပ်ကိုင် ချိန်များ၊ သင်ယူရန်နေရာများနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို မည်သို့စီစဉ် ဆောင် ရွက်နိုင်မည်ကို ရှင်းလင်း ညွှန်ပြထားပါသည်။

အခန်း(၇)သည် ကလေးများ၏ သင်ယူမှုနှင့်ဖွံ့ဖြိုးမှုအခြေအနေ၊ ၎င်းတို့၏ လိုအပ်ချက်များကို စောင့်ကြည့်လေ့လာအကဲဖြတ်၍ ဆန်းစစ်ခြင်းနှင့် သက်ဆိုင်ပါသည်။

အခန်း(၈)မှာ အကူးအပြောင်းကာလကို စီမံခန့်ခွဲနိုင်ရန် စီစဉ်ပေးထားပါသည်။

အခန်း(၉)တွင်မူ မိဘများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အကြံပြုထားပါသည်။

သူငယ်တန်းဆရာများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသရှိ ရပ်ရွာလူကြီးများ၊ မိဘများအား သင်ရိုးသစ်အကြောင်းကို အသိပေးပြောကြားရန်လိုပါသည်။ သူငယ်တန်းအဆင့်သင်ရိုးညွှန်းတမ်းကို နိုင်ငံ၏လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိစေပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်လည်း တစ်ပြေးညီရှိစေရန် ဦးတည်ပြုစုထားသည်နှင့်အမျှ အကောင်အထည်ဖော်ရာတွင်လည်း သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်အတိုင်း ကျောင်းအုပ်ကြီး၏ ဦးဆောင်မှုဖြင့် မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်း၍ စနစ်တကျဆောင်ရွက်မှသာလျှင် သူငယ်တန်းကလေးများအနေဖြင့် အခြေခံပညာကို ဆက်လက်သင်ယူ နိုင်ရေးအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်ကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

DBE BOX